# ကြေးမုံ
**The Mirror**

၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ စနေနေ့၊ (28-8-2010) (၆၅၀၄)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



ပေါင်းစည်းလယ်ယာစနစ် ဖော်ဆောင်လုပ်ကိုင်သည့်အနေဖြင့် ငါးကန်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ရန် ပြင်ဆင်ကြစဉ်။

# မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၂၇**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

## (၃၁) ပါတီရှိ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၃၁)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးလက်စီးပွားဖွံ့ဖြိုးရေး အထောက်အကူပြု ပေါင်းစည်းလယ်ယာစနစ် လက်တွေ့ကျကျ အောင်မြင်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဝင်းသိန်းဦး(မစ္ဆဗေဒ)

အဆင်အပြင် - ဖြိုးစန္ဒာမြင့်

**ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်အရ စာရေးသူသည် ငါးလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို သတင်းရယူနိုင်ရန် မြန်မာနိုင်ငံ အထက်ပိုင်းသို့ သွားရောက်ခဲ့သည်။**

ခရီးစဉ်အတွင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုန်းဒေသရှိ ဦးထွန်းရင်၏ ဧက ၁၀၀ ငါးမွေးကန်သို့ ရောက်ရှိခဲ့သည်။ ငါးကန်များ၊ ကန်ပေါင်များပေါ်တွင် ကွန်ကရစ်အုတ်တိုင် အခိုင်အမာဖြင့် ကြက်ခြံများ တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။ ဤသည်မှာ integrated fish farming ကို အပြည့်အဝ အကောင်အထည်ဖော်ထားခြင်းပင်ဖြစ်သည်။ integrated farming ဆိုသည်မှာ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်အနက် တစ်ရပ်အပါအဝင်ဖြစ်သည့် စိုက်ပျိုးရေးနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် မွေးမြူရေးလုပ်ငန်းများဖြင့် ကျေးလက်နေပြည်သူတို့၏ အခြေခံလူနေမှု စီးပွားရေးအဆင့်အတန်း တိုးတက်မြင့်မားရေးကို အထောက်အကူပြု ဆောင်ရွက်ခြင်းဖြစ်သည်။

integrated farming သည် စိုက်ပျိုးရေးမှ မွေးမြူရေးသို့လည်းကောင်း၊ မွေးမြူရေးမှ စိုက်ပျိုးရေးသို့လည်းကောင်း၊ အချင်းချင်း အပြန်အလှန် အကျိုးပြုရမှာ ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းမှ စွန့်ပစ်ပစ္စည်းများကို organic fertilizer ဖြစ်စေခြင်း ၊ စိုက်ပျိုးရေးမှ (by product) ဘေးထွက်ပစ္စည်းများကို မွေးမြူရေးလုပ်ငန်းတွင် အသုံးချခြင်းဖြင့် အဖိုးနည်းဝန်ပါ အလေအလွင့်မရှိ အသုံးချပြီး ထုတ်ကုန်နှစ်ဆ တိုးမြင့်ကြခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

## ငါးသားပေါက်စိုက်ထည့်

**ပေါင်းစည်းလယ်ယာစနစ် ဖော်ဆောင် လုပ်ကိုင်သည့် အနေဖြင့် ငါးကန်အတွင်းသို့ ငါးသားပေါက်များ စိုက်ထည့်ရန် ပြင်ဆင်ကြစဉ်။**



# ပဲခူးတိုင်းဒေသကြီး မိုးစပါး စိုက်ပျိုးပြီးစီးမှု

**ရန်ကုန် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး၌ ယနေ့အထိ မိုးစပါး ၃၀၀၄၁၁၁ ဧက စိုက်ပျိုးပြီးစီးကြောင်းနှင့် မိုးစပါးလျာထားချက် ပြည့်မီကျော်လွန်ရေးအတွက် ဆက်လက် စိုက်ပျိုးဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


❒ **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ပိုစတာဆုရသူများ ကြေညာ** (သတင်း)စာမျက်နှာ - ၂

❒ **ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ကြရမည့် သစ်တောကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ** (ဆောင်းပါး)စာမျက်နှာ - ၆

❒ **အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) လက်ရာမွန်နှင့် စင်တင်ပွဲ ကျင်းပ** (သတင်း)စာမျက်နှာ - ၅

❒ **ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘိုးဘွားအမွေအနှစ်များအဖြစ် ထာဝရတည်ရှိနေစေရန် ဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဇုန်များ** (သတင်း)စာမျက်နှာ - ၉

ကြေးမုံ The Mirror
၂၈-၈-၂၀၁၀
(စနေနေ့)

# နိုင်ငံ့သားကောင်း သမီးမွန်များ မွေးထုတ်

ယနေ့အချိန်အခါတွင် နိုင်ငံအသီးသီးက အခြေခံအရည်အသွေးပြည့်ဝသော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းနေကြသည်။ နိုင်ငံတကာဆိုင်ရာ အခြေခံပညာသင်ကြားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေကြပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကို ခိုင်မာသည့် ပညာရေး အခြေခံအုတ်မြစ်ပေါ်တွင် တည်ဆောက်ကြရပေမည်။ သို့မှသာ ပေါ်ထွန်းလာသည့် နိုင်ငံသစ်သည် ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။

နိုင်ငံတော်တွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းကို ချမှတ်၍ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ ချိတ်ဆက်ဖော်ဆောင်နေသည်။ နိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ရှိရင်းစွဲ အရည်အသွေးများ ပိုမိုမြှင့်တင်ရေး၊ စွမ်းဆောင်ရည်မြင့်မားလူ့စွမ်းအားအရင်းအမြစ်များ ဆက်လက်ပြုစုပျိုးထောင်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်သည်။

အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အခြေခံပညာ ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါသည်။ မျိုးဆက်သစ်လူငယ်များအား ကနဦး ပုံဖော်ပေးရာတွင် တပည့်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဟူသည့် အခြေခံအချက်များ ကောင်းမွန်စေရန် သင်ကြားပြသပေးကြရပေမည်။ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများ ရရှိစေရေး ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ပညာထူးချွန်ရုံသာမက ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံတော်၏ တရားဥပဒေများ လေးစားလိုက်နာတတ်သည့် စိတ်ဓာတ်ကောင်းများ ရင်တွင်း၌ ကိန်းအောင်းနေစေရေး သွန်သင်ညွှန်ပြပေးကြရပေမည်။ ရိုးရာဓလေ့စရိုက် အစဉ်အလာများကို လေးစားဂုဏ်ယူသည့် စိတ်ဓာတ်၊ တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးသည့် စိတ်ဓာတ်များ စွဲမြဲနေစေရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့် ကိုက်ညီမှုမရှိသည့် အတွေးအခေါ် အပြုအမူများ လွှမ်းမိုးမှု မခံရစေရေး အသိပညာပေးနေကြရမည်ဖြစ်သည်။

မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို တည်ဆောက်ရာတွင် ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေးများ မြင့်မားနေစေရေး အစဉ်မြှင့်တင်နေကြရပေမည်။ အထူးမွမ်းမံသင်တန်းများမှ လေ့လာသိရှိရသည့် နိုင်ငံ၏ အတိတ်သမိုင်းကြောင်းနှင့် အနာဂတ်အလားအလာများကို အမျိုးသားရေးရှုထောင့်မှ သိမြင်ခံယူပြီး နိုင်ငံ့ဝန်ထမ်းကောင်းဆရာ၊ ဆရာမများအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးပမ်းနေကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများသည် လူ့အဖွဲ့အစည်း၏ သိမ်မွေ့ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းတာဝန်များကို အပ်နှင်းခံထားရသူများဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအား စာပေအသိပညာ ထူးချွန်ထက်မြက်သူများဖြစ်ရေး ပျိုးထောင်ပေးနေသည့် ဥယျာဉ်မှူးကောင်းများလည်းဖြစ်သည်။ ဆရာ၊ ဆရာမများအနေဖြင့် တပည့်များအား ပညာရည်ထူးချွန်ပြီး စာရိတ္တ၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး လေ့ကျင့်မွေးထုတ်ပေးခြင်းဖြင့် အရည်အသွေးပြည့်ဝသည့် နိုင်ငံ့သားကောင်းသမီးမွန်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာနေမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးနှင့် ဧည့်အဖွဲ့ ဝန်ကြီး ဦးဇော်မင်းအား လာရောက်တွေ့ဆုံ

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Anup Kumar Chakma, ndc, psc နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (လျှပ်စစ်-၁)



**နေပြည်တော် ဩဂုတ် ၂၇**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Anup Kumar Chakma, ndc, psc နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Power Energy and Mineral Resources မှ Joint Secretary (Development) Mr. Md. Mofazzel Hossain နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံမှာကြား



**အမှာစကားပြောကြား**

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမတွင် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများအား အမှာစကားပြောကြားစဉ်။**

(ကျန်းမာရေး)

**ရန်ကုန် ဩဂုတ် ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအား တွေ့ဆုံသည်။

**ပြေပြစ်စွာဆက်ဆံ**

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာများအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုတွင် ကုသမှု၊ ဆေးပညာရပ်ဆိုင်ရာနှင့် ဆေးပစ္စည်းကိရိယာများ ပြည့်စုံရမည့်အပြင် ပြေပြစ်စွာ ဆက်ဆံပြောဆို ကုသပေးခြင်းသည်လည်း အရေးကြီးကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သွားနှင့်ခံတွင်းဆေးပညာဌာန၊ သွားဖုံးရောဂါကုဌာနနှင့် ကလေးသွား ကျန်းမာရေးဌာနတို့ကို ကြည့်ရှုစစ်ဆေးပြီး မေးရိုးခံတွင်း ခွဲစိတ်ကုပညာဌာန သင်ကြားရေးဆေးရုံ၌ တက်ရောက် ကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများ ကြေညာ

**နေပြည်တော် ဩဂုတ် ၂၇**

၂၀၁၀ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲဆုရသူများ စာရင်းကို သက်ဆိုင်ရာက ဩဂုတ် ၂၆ ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို " အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း ပေါ်ထွန်းလာရေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို အမှတ် (၃)တပ်မတော်ဆေးရုံ ခုတင် (၁၀၀) အင်းတိုင်မှ ဗိုလ်ချမ်းငြိမ်းသူကလည်းကောင်း၊ ဒုတိယဆုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ချောစုကြည်ကလည်းကောင်း၊ တတိယဆုကို ပဲခူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် (ဘဏ္ဍာရေးမှူး)ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး) ကလည်းကောင်း ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို " အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တောင်ငူပညာရေးကောလိပ်မှ DTEd (ပထမနှစ်) ကျောင်းသူ မသွယ်မီကြိုင်ကလည်းကောင်း၊ ဒုတိယဆုကို ဘားအံပညာရေးကောလိပ်မှ DTEC ကျောင်းသူ မသီရိစိုးကလည်းကောင်း၊ တတိယဆုကို မော်လမြိုင် ပညာရေးကောလိပ်မှ DTEC ကျောင်းသူ မလဲ့စန္ဒာမွန်က လည်းကောင်း ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို " လူ့ဘောင်ပြည်ရွာသာယာရေး စာတတ်မြောက်ရေးကြိုးပမ်းပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ကောင်းမြတ်စံကလည်းကောင်း၊ ဒုတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၈) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မခိုင်မဥ္ဇူသင်းကလည်းကောင်း၊ တတိယဆုကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝေဝေခိုင်ကလည်းကောင်း ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို " လူတိုင်းအတွက်ပညာရေး စာတတ်မြောက်ရေး ဝိုင်းကူပေး" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မှ ဆဋ္ဌမတန်းကျောင်းသူ မစိုးရတနာကလည်းကောင်း၊ ဒုတိယဆုကို ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ကျော်စိုးဟန် ကလည်းကောင်း၊ တတိယဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ပဉ္စမတန်းကျောင်းသား မောင်ဖြိုးပြည့်မိုးအောင်ကလည်းကောင်း ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ (၄)ရက် (စနေနေ့) ညနေထက် နောက်မကျစေဘဲ နေပြည်တော် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ထံ လူကိုယ်တိုင် မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်အား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး လာရောက်တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်အား ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ Mr.Ignatius Leong သည် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်အတူ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ရုံးခန်း၌ လာရောက်တွေ့ဆုံပြီး စစ်တုရင်အားကစား တိုးတက်ပြန့်ပွားရေးနှင့် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စစ်တုရင်အားကစားနည်းကို ထည့်သွင်းကျင်းပမည်ဖြစ်သဖြင့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် အနေဖြင့်သော်လည်းကောင်း၊ အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် အနေဖြင့်သော် လည်းကောင်း လိုအပ်သော ကူညီပံ့ပိုးဆောင်ရွက်မှုများပေးနိုင်ရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အိမ်မဲ၌ ကျောက်စုဆောင်းထားရှိမှု စစ်ဆေး

**အိမ်မဲ ဩဂုတ် ၂၇**

အိမ်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည် လမ်းတံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျောက်ကြီးများ စုဆောင်းထားရှိမှုကို ဩဂုတ် ၇ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)

# ပင်လယ်ရေအောက်မှ စွမ်းအင်ထုတ်လုပ်ရန် သုတေသနစခန်း တရုတ်တည်ဆောက်မည်

**ပေကျင်း ဩဂုတ် ၂၇**

သမုဒ္ဒရာရေပြင်ကို အခြေပြု၍ စွမ်းအင်ထုတ်လုပ်နိုင်ရေးအတွက် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျမည့် သုတေသနစခန်းတစ်ခုကို တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် တည်ဆောက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ဖော်ပြသည်။ ခန့်မှန်းခြေ အမေရိကန် ဒေါ်လာ ၇၂ ဒသမ ၈သန်းကုန်ကျမည့် အဆိုပါသုတေသနစခန်း၏ ဒီဇိုင်းပုံစံကို အင်ဂျင်နီယာများက ရေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

ရှန်တုန်ပြည်နယ် ကျင်တောက်မြို့၌ တည်ဆောက်မည့် အဆိုပါ သုတေသနခန်းသည် အကျယ်အဝန်းအားဖြင့် ၂၆ ဟက်တာ ကျယ်ဝန်းမည်ဖြစ်ပြီး လူထိန်းကျောင်းမောင်းနှင်သော ကျားလုံရေနက် ရေငုပ်ယာဉ်၏ ထောက်ပံ့ရေးစခန်းအဖြစ်လည်း အသုံးပြုမည်ဖြစ်သည်။

ကျားလုံ ရေငုပ်ယာဉ်ကို ရေအောက်အနက် မီတာ ၇၀၀၀ ထိ ငုပ်နိုင်စွမ်းရှိရန် တည်ဆောက်ထားပြီး ပြီးခဲ့သည့် မေလနှင့် ဇွန်လအတွင်းများက ရေအောက်အနက်မီတာ ၃၇၅၉ မီတာအထိ ငုပ်လျှိုးကာ စမ်းသပ်မောင်းနှင်ခဲ့ပြီးဖြစ်သည်။

စီးပွားရေး တိုးတက်လာသည်နှင့်အမျှ စွမ်းအင်သုံးစွဲမှု ပိုမိုမြင့်မားလာသော တရုတ်နိုင်ငံသည် ၎င်း၏ စွမ်းအင် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် သမုဒ္ဒရာရေအောက် စူးစမ်းလေ့လာရေး အစီအစဉ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ခဲ့သည်။

ပင်လယ်ရေအောက် အနက် မီတာ ၄၀၀၀ မှ ၆၀၀၀ အထိ နက်ရှိုင်းသော ပင်လယ်ကြမ်းပြင်တွင် ရှားပါး သတ္တုများနှင့် ရေခဲအစိုင်အခဲ အသွင်ဖြင့် တည်ရှိနေသော သဘာဝဓာတ်ငွေ့များ အများအပြားရှိလိမ့်မည်ဟု တရုတ်သိပ္ပံပညာရှင်များက ယူဆထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ရုပ်ကြွင်းလောင်စာ စားသုံးသော အဏုဇီဝပိုးမွှား မျိုးစိတ်သစ် မက္ကဆီကို ပင်လယ်ကွေ့ဒေသ၌ တွေ့ရှိ

**ဝါရှင်တန် ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့ဒေသတွင် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို စားသုံးအသက်ရှင်သည့် အဏုဇီဝပိုးမွှားများ ရှင်သန်ပေါက်ဖွားလျက်ရှိကြောင်း ဩဂုတ် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိသျှရေနံကုမ္ပဏီ ဘီပီ၏ ရေနက် ရေနံတွင်းတူးစင် ပေါက်ကွဲနစ်မြုပ်ခဲ့ခြင်းကြောင့် ရေနံစိမ်း ဂါလန်သန်းပေါင်းများစွာ ဖိတ်စဉ်ခဲ့သော မက္ကဆီကို ပင်လယ်ကွေ့ရှိ ရေအောက် ရေနံပြင်ကို လေ့လာနေသော သိပ္ပံပညာရှင်များက အဆိုပါ ရုပ်ကြွင်းလောင်စာ စားသုံးသော အဏုဇီဝပိုးမွှားများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အသစ်တွေ့ရှိခဲ့ရသော အဏုဇီဝပိုးမွှားများသည် အောက်စီဂျင်နည်းပါးသော ရေပြင်အတွင်း ရှင်သန်ကျက်စားနိုင်စွမ်းရှိကြောင်း အမေရိကန် သုတေသနပညာရှင်အဖွဲ့ ခေါင်းဆောင်က ပြောကြားသည်။

မေလ ၂၅ ရက်မှ ဇွန်လ ၂ ရက်အတွင်း ပြုလုပ်ခဲ့သော ရေနက် ရေနံယိုဖိတ်မှုဖြစ်စဉ် လေ့လာမှုတွင် အဆိုပါ ရေနံကဲ့သို့ ရုပ်ကြွင်းလောင်စာများ စားသုံးသော အဏုဇီဝ ပိုးမွှားမျိုးစိတ်သစ်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***



**မနီလာမြို့မြောက်ပိုင်း ကမ်းရိုးတန်းဒေသ၌ မီးလောင်ကျွမ်းမှုဖြစ်ပွားပြီးနောက် ဩဂုတ် ၂၇ရက် မြင်ကွင်း။**

# မနီလာတွင် မီးလောင်၍ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်

**မနီလာ ဩဂုတ် ၂၇**

ဖိလစ်ပိုင်နိုင်ငံမြို့တော် မနီလာ၏မြောက်ဘက် ကမ်းရိုးတန်းဒေသရှိ ရွာနှစ်ရွာတွင် ဩဂုတ် ၂၆ရက်က အကြီးအကျယ် မီးလောင်ကျွမ်းသဖြင့် လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကြာသပတေးနေ့ညနေ့ပိုင်း၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း၊ မီးရှိနေသေးသော မီးဖိုတစ်ခုအနီးတွင် လူတစ်ဦးသည် ဓာတ်ဆီများကို ပုံးတစ်ခုအတွင်းသို့ လောင်းထည့်ရာမှ မီးလောင်ကျွမ်းမှု စတင်ခဲ့ခြင်းဖြစ်ဖွယ်ရာရှိကြောင်း မီးသတ်ဌာနမှ အရာရှိဒိုမင်ဂိုဂက်(စ်)တီလိုက ပြောကြားသည်။

မနီလာမြို့မြောက်ဘက် နာဗိုတက်ခ်မြို့တွင်းရှိ တဲအိမ် ၃၅၀မျှ စုပြုံတည်ရှိနေသည့် ကျေးရွာနှစ်ရွာကို လောင်ကျွမ်းခဲ့သော မီးသည် လေးနာရီမျှ ကြာမြင့်ခဲ့သည်။ မီးဘေးကြောင့် လူနှစ်ဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လူအများမီးလောင်၍ထွက်ပြေးကြစဉ် ရှစ်နှစ်အရွယ် ကလေးမတစ်ဦးသည် ဖြစ်သလို တည်ဆောက်ထားသော တံတားတစ်စင်းပေါ်မှ လိမ့်ကျ၍သေဆုံးခြင်းဖြစ်သည်။ ကျန်တစ်ဦးမှာ မနီလာပင်လယ်အော်အတွင်းသို့ ခုန်ချရာမှ ရေနစ်သေဆုံးခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



# ဒင်နီယယ်လ်ဟာရီကိန်းမုန်တိုင်း အမေရိကန်အရှေ့ဘက်ကမ်းရိုးတန်းဝင်မည်

**မိုင်ယာမီ ဩဂုတ် ၂၇**

အတ္တလန္တိတ် သမုဒ္ဒရာထဲတွင် ဖြစ်ပေါ်နေသော ဒင်နီယယ်လ် ဟာရီကိန်းမုန်တိုင်းသည် ဩဂုတ် ၂၇ ရက် စောစောပိုင်းက အန္တရာယ်ပေးနိုင်သော အဆင့်(၄) မုန်တိုင်းအဖြစ် ပြောင်းလဲကာ ဘာမြူဒါကျွန်းဆီသို့ ဦးတည်ရွေ့လျားနေကြောင်း သိရသည်။

တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်နေသော ယင်း မုန်တိုင်း၏ အရှိန်ကြောင့် အမေရိကန်နိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းဒေသများသို့ အန္တရာယ်ကြီးမားသော လှိုင်းလုံးများရိုက်ခတ်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဒင်နီယယ်လ်ဟာရီကိန်းမုန်တိုင်းသည် ဘာမြူဒါကျွန်း အရှေ့တောင်ဘက် မိုင် ၄၅၄ မိုင်ခန့်အကွာတွင် ဖြစ်တည်လျက်ရှိပြီး တစ်နာရီလျှင် ၁၂ မိုင်နှုန်းဖြင့် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနေကြောင်း သိရသည်။

**တိုက်ခတ်နိုင်**

အဆိုပါမုန်တိုင်းသည် ဘာမြူဒါကျွန်း အရှေ့ဘက်ကို ဖြတ်သန်းတိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားပြီး မုန်တိုင်း၏ အရှိန်ကြောင့် ဘာမြူဒါကျွန်းဒေသသည် လာမည့်ရက်အနည်းငယ်အတွင်း ဧရာမလှိုင်းများ ဖြစ်ပေါ်မှုအန္တရာယ်နှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ဒင်နီယယ်လ်မုန်တိုင်းသည် အမေရိကန်နိုင်ငံ အရှေ့ဘက် ကမ်းရိုးတန်းဒေသသို့ ဩဂုတ် ၂၈ရက်တွင် ဝင်ရောက်မည်ဖြစ်ပြီး ယင်းဒေသများ၌ အန္တရာယ်ကြီးမားသော လှိုင်းလုံးများ ရိုက်ခတ်မည့် အခြေအနေနှင့် ကြုံရဖွယ်ရှိသည်။

***အင်တာနက်။***

# တန်ဇန်းနီးယား အဝေးပြေးလမ်းဖောက်လုပ်ရေး စီမံချက် သားရိုင်းတိရစ္ဆာန်များ စားကျက်ရွှေ့ပြောင်းမှုကို ဟန့်တားနိုင်

**ဒိုဒိုးယား ဩဂုတ် ၂၇**

တောရိုင်းတိရစ္ဆာန်ပေါင်း သန်းနှင့်ချီ၍ နှစ်စဉ် စားကျက်ရွှေ့ပြောင်း ဝင်ရောက်လေ့ရှိသော ဆီရင်ဂျီတီ သဘာဝသစ်တောကြိုးဝိုင်းကို ဖြတ်သန်းဖောက်လုပ်မည့် အဝေးပြေးလမ်း စီမံကိန်းကို ပြန်လည်သုံးသပ်ရန် ဗြိတိသျှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက တန်ဇန်းနီးယားအစိုးရကို တောင်းဆိုခဲ့ကြောင်း ဩဂုတ် ၂၆ ရက်က သတင်းများတွင် ဖော်ပြသည်။

ဆီရင်ဂျီတီ အမျိုးသားဥယျာဉ်သည် မြင်းကျားနှင့် ဒရယ်များ နှစ်သန်းကျော်တို့ နှစ်စဉ်စားကျက်ရွှေ့ပြောင်း ဝင်ရောက်ရာ ဒေသဖြစ်ပြီး ကမ္ဘာပေါ်တွင် အထင်ရှားဆုံး သဘာဝသစ်တော ကြိုးဝိုင်းတစ်ခုဖြစ်သည်။ ယင်းအပြင် တန်ဇန်းနီးယားနိုင်ငံ၏ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတွင် အခရာကျသော နေရာလည်းဖြစ်သည်။

ဆီရင်ဂျီတီ အမျိုးသားဥယျာဉ်၏ မြောက်ဘက်ပိုင်းကို ဖြတ်သန်းဖောက်လုပ်မည့် အဝေးပြေးလမ်းသည် တောရိုင်းတိရစ္ဆာန်များ နှစ်စဉ်ရွှေ့ပြောင်းဝင်ရောက်မှုကို ဟန့်တားမည်ဖြစ်ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အခြေခံသည့် ဒေသခံတို့၏ အကျိုးစီးပွားကိုလည်း ထိခိုက်နိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးသည်။

ဆီရင်ဂျီတီ အမျိုးသားဥယျာဉ်၏ ပတ်ဝန်းကျင်ဂေဟစနစ် ပျက်ပြားခြင်းသည် တန်ဇန်းနီးယားနိုင်ငံအတွက်သာမက နောင်မျိုးဆက်များအတွက်ပါ ဧရာမဆုံးရှုံးမှုတစ်ရပ်ဟု ဆိုနိုင်ကြောင်း သတင်းများတွင်ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***



**တန်ဇန်းနီးယားနိုင်ငံ ဆီရင်ဂျီတီ အမျိုးသားဥယျာဉ်အတွင်း၌ ကျက်စားနေထိုင်သော သားရိုင်းတိရစ္ဆာန်များ။**



# ထိုင်းနိုင်ငံ၏ ပေါင် ၆၀၀ကျော်ရှိ အဝဆုံးအမျိုးသမီးကြီး သုံးနှစ်အတွင်း ပထမဆုံး ပြင်ပသို့ထွက်ခွာ

**ဗန်ကောက် ဩဂုတ် ၂၇**

ထိုင်းနိုင်ငံ၏ အဝဆုံးအမျိုးသမီးဟုဆိုနိုင်သည့် ကိုယ်ခန္ဓာအလေးချိန် ၆၀၃ပေါင်ရှိသော အမျိုးသမီးကြီးသည် သုံးနှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ၎င်း၏ တိုက်ခန်းမှ အပြင်လောကသို့ ဩဂုတ် ၂၆ ရက်က ထွက်ခွာခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ နေအိမ်မှ ပြင်ပသို့ ထွက်ခွာရာတွင် အဆိုပါ ထိုင်းနိုင်ငံသူ အမျိုးသမီးကြီးကို ဝန်ချီစက်ငယ်တစ်စီးဖြင့် ကူညီတင်ဆောင်ခေါ်ထုတ်ခဲ့ရကြောင်း သိရသည်။

အမ်နွာပွန် တုံပရာပိုင်အမည်ရှိ ထိုင်းနိုင်ငံ၏ အဝဆုံးအမျိုးသမီးကြီးသည် ၎င်း၏ ညာဘက်ခြေထောက်ရှိ အကျိတ်တစ်ခုကို ခွဲထုတ်ဖယ်ရှားရန် ဆေးရုံတက်ရောက်နိုင်ရန် ဗန်ကောက်မြို့တော် အာဏာပိုင်များထံသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါ အမျိုးသမီးကြီးသည် ဗန်ကောက်မြို့ ဆင်ခြေဖုံးရှိ တိုက်ခန်းတစ်ခန်းတွင် နေထိုင်ကာ မွေးစားသားနှစ်ဦး၏ အကူအညီဖြင့် ပင်မင်းအလုပ်ကို လုပ်ကိုင်နေသူဖြစ်သည်။ ၎င်းဘာသာ လမ်းလျှောက်မည်ဆိုပါက ပေအနည်းငယ်မျှ ထက်ပို မလျှောက်နိုင်သဖြင့် ၎င်း၏ တိုက်ခန်းတွင်း၌ပင် နေထိုင်ကာ သုံးနှစ်ကြာမျှ ပြင်ပသို့ ထွက်ခွာခြင်း မရှိခဲ့ပေ။ ***အင်တာနက်။***

# ဂရိတိုက်လေယာဉ်နှစ်စင်း ဝေဟင်၌ တိုက်မိ

**အေသင် ဩဂုတ် ၂၇**

ဂရိနိုင်ငံ ခရိတ်ကျွန်း၏တောင်ဘက်တွင် ဩဂုတ် ၂၆ ရက် ညနေပိုင်းက လေ့ကျင့်ပျံသန်းနေသော ဂရိတိုက်လေယာဉ်နှစ်စင်းသည် ဝေဟင်တွင် တိုက်မိကြပြီး ပျက်ကျသွားခဲ့ကြောင်း ဂရိလေတပ်ဖွဲ့က ပြောကြားသည်။

တစ်ယောက်စီးနှင့် နှစ်ယောက်စီး အက်ဖ်-၁၆အမျိုးအစားလေယာဉ်နှစ်စင်းသည် လေးစင်းအုပ်စုဖွဲ့ပျံသန်းမှု လေ့ကျင့်နေစဉ် တိုက်မိခြင်းဖြစ်သည်ဟု ဆိုသည်။

လေယာဉ်မှူး သုံးဦးအနက် နှစ်ဦးကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိ၍ အနီးရှိစစ်ဆေးရုံသို့ တင်ပေးထားကြောင်း၊ တတိယလေယာဉ်မှူးကိုမူ ရှာဖွေနေဆဲဖြစ်ကြောင်း ဂရိလေတပ်က သတင်းထုတ်ပြန်သည်။

***အင်တာနက်။***

# အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr .Cho Byung-Jae နှင့်အဖွဲ့သည် ဩဂုတ် ၂၅ရက် ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)နှင့် ကျွမ်းကျင်သူ ဒေါက်တာစန်းဦး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

**ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူ လက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။**

အဆိုပါအခမ်းအနားသို့ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကထိကများ၊ နည်းပြများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ပြပွဲတွင် ခင်းကျင်းပြသထားသော ပန်းချီပညာဌာနမှ ယခုနှစ် ရိုးရိုးဘွဲ့၊ ဂုဏ်ထူးတန်းဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများမှ ကျောင်းသားကျောင်းသူတို့၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီကားများနှင့် ပန်းပုပညာဌာနမှ ကျောင်းသား၊ ကျောင်းသူများ၏ ပန်းပုလက်ရာမွန်ရုပ်တုများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်များသည် ပထမပိုင်းအစီအစဉ်တွင် ဂီတ၊ သဘင် အထူးပြု ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူစွမ်းရည်ပြ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြရာ ကျောင်းသား၊ ကျောင်းသူများက "ပဏာမဧည့်ခံ ဂီတသံ" အမျိုးသားအမျိုးသမီးဝဲဆိုင်း၊ ယာဆိုင်း၊ ဆိုင်းဝိုင်းနှစ်စုံဖြင့် လည်းကောင်း၊ "သန္တိဌာန်လေးရပ်" တေးသီချင်းဖြင့် လည်းကောင်း၊ တူယှဉ်နွဲ့ပျော် ကိုကြီးကျော် တေးသရုပ်ဖော် အကဖြင့်လည်းကောင်း၊ စောင်းအထူးပြုကျောင်းသား၊ ကျောင်းသူများက "စောင်းတော်သိင်္ဂြိုး" သီချင်းကို သီဆိုတီးခတ်၍ လည်းကောင်း၊ "မြူးကြွလှပ မင်းသားယိမ်း" အကဖြင့်လည်းကောင်း၊ "မိုးဒေဝါ" ပတ်ပျိုးတေးသီချင်းကို သီဆိုတီးခတ်၍ လည်းကောင်း၊ စန္ဒရား၊ ပတ္တလားအထူးပြု ကျောင်းသား၊ ကျောင်းသူများက "မြန်မြေနယ် ဇမ္ဗူဘောင်" မြင်းခင်းကြိုးသီချင်းဖြင့်လည်းကောင်း၊ ကုမုဒြာ အငြိမ့်ဖြင့် လည်းကောင်း၊ "FMAZAS "၏ စုံတွဲတေးဘွဲ့အမှတ် ၃၈ အား တယောအဖွဲ့လိုက် တီးခတ်တင်ဆက်ခြင်းကို လည်းကောင်း၊ ရွှေပုဆိန်အော်ပရာ (ရုပ်သေး) အကဖြင့်လည်းကောင်း၊ "လက်ရည်တပြင်တည်း" သီချင်းကို တူရိယာအစုံဝိုင်းအဖွဲ့အနွဲ့ဖြင့် လည်းကောင်း၊ "ဝိသယှသူဌေး" ဇာတ်တော်ကြီးကို သမားစဉ်မပျက် အဆို၊ အငို၊ အပြော၊ အက၊ အလှတို့ဖြင့် လည်းကောင်း အနုပညာအရည်အသွေးကို စွမ်းရည်ပြ တင်ဆက်ကြသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်တွင် ရုပ်ရှင်နှင့် ပြဇာတ်အထူးပြု ကျောင်းသား၊ ကျောင်းသူများက နိပါတ်တော်လာ အသိပညာပေးယဉ်ကျေးလိမ္မာဇာတ်လမ်းနှစ်ပုဒ်ဖြင့်လည်းကောင်း၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏"အနုပညာလက်ဆင့်ကမ်း အမွေ"၊ ဘိုကလေးတင့်အောင်၏ "ဘဝ စာမျက်နှာများ" မှတ်တမ်း ရုပ်ရှင် ဇာတ်လမ်းကားနှစ်ကားကို ရိုက်ကူးတင်ပြ၍ လည်းကောင်း၊ "ဘယ်ပန်းဆင်လို့ ယဉ်ပါ့မယ်" ဘွဲ့ယူစင်တင် ပြဇာတ်ဖြင့် လည်းကောင်း စွမ်းရည်ပြတင်ဆက်ကြသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါ်စန္ဒာခင်နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများက ဆုရကျောင်းသားကျောင်းသူများနှင့် ပြပွဲတွင် ပါဝင်ကူညီကြသော ဝန်ထမ်းများအား ဂုဏ်ပြု လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် (၁၄)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲသည် မျိုးဆက်သစ် အနုပညာရှင်များ၏ ဖန်တီးနိုင်မှုစွမ်းအားနှင့် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်မည့် အင်အားပြပွဲတစ်ရပ်အဖြစ် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# တိုင်းဒေသကြီးများရှိ မီးသတ်စခန်းများ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၇

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် ဩဂုတ် ၂၄ ရက်တွင် နေပြည်တော်ရှိ အမှတ် (၃) မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်ယာဉ်/ စက်ကြံ့ခိုင်ရေး၊ အသင့်ရှိရေးနှင့် ရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်ရန် မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မီးသတ်စခန်းနှင့် အောင်လံမြို့ မီးသတ်စခန်းတို့သို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ သန္နွေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မီးဘေးတားဆီးရေးကော်မတီများနှင့် တွေ့ဆုံပြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ယာဉ်/ စက်ကြံ့ခိုင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## မှာကြား

ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ ပြည်၊ ရွှေတောင်၊ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ အုတ်ဖို၊မင်းလှ၊ကျွန်းကလေး၊လက်ပံတန်း၊ သာယာဝတီ၊ သုံးဆယ်နှင့် ဥက္ကံမြို့နယ်များရှိ သန္နွေနှင့် အရန်မီးသတ်စခန်းများသို့ ရောက်ရှိပြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ၊ သန္နွေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေး၊ ရေရရှိရေးနှင့် ယာဉ်/ စက်ကြံ့ခိုင်ရေး လုပ်ငန်းများနှင့် ဝန်ထမ်းအိမ်ရာ ခွဲဝေချထားမှုများ ဆောင်ရွက်သွားရန် မှာကြားခဲ့ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး အောင်လံမြို့ မီးသတ်စခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (မီးသတ်)



# ဖြူးမြို့နယ် စပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၇**

ကျေးလက် စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက် ၈ နာရီက တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ လယ်သမားကြီး ဦးသိန်းလွင်၏ စပါးခင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်လွင်ဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးခုံးမ၊ ငါးသန်သားပေါက်ကောင်ရေ ၃၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)



**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဟာမြတ်မုနိဘုရားဝင်းအတွင်း စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဌ ဦးထိန်လင်း၊ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမင်းလတ်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ဒုတိယအကြိမ် Lenovo Country Road Show ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၇**

Lenovo Note book, Desktop, All in one PC များကို အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် ဒုတိယအကြိမ် Lenovo Country Road Show ပွဲကြီးကို စက်တင်ဘာ ၁ရက်မှ ၁၂ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အထူးဈေးရောင်းပွဲတော်တွင် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ အမှတ်တရလက်ဆောင် အများအပြားပေးအပ်သွားမည့်အပြင် တန်ဖိုးကြီး ဆုမဲများကိုလည်း ကံစမ်းမဲဖောက် ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပထမအကြိမ် Country Road Show တွင် ဝယ်ယူအားပေးခဲ့ကြသော မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့်လည်းကောင်း၊ အထူးဈေးနှုန်းဖြင့် မဝယ်လိုက်ရသောသူများ၏ တောင်းဆိုမှုကြောင့် လည်းကောင်း ထပ်မံပြုလုပ်ပေးခြင်းဖြစ်သည်။ ထိုပွဲတွင် ဒီဇိုင်းလှပပြီး Function စုံလင် လူကြိုက်များသော Consumer Series Notebook များအပြင် ကမ္ဘာတစ်ဝန်းလုံးတွင် အကြမ်းခံမှုနှင့် စိတ်ချယုံကြည်ရမှုတို့ကြောင့် နာမည်ကြီးသော IBM ၏ မျိုးဆက်သစ် Lenovo Think Pad Notebook များကို မြန်မာနိုင်ငံတွင် International Warranty နှင့် အတူ ပြသရောင်းချပေးသွားမည်ဖြစ်သည်။

အသစ်ဝင်ရောက်လာသော Model အသစ်များကိုလည်း ပြသရောင်းချပေးသွားမည်ဖြစ်ပြီး နေရာစားသက်သာခြင်း၊ ကြိုးများရှုပ်ထွေးမှုမရှိခြင်း၊ အလွယ်တကူရွှေ့ပြောင်းအသုံးပြုနိုင်ခြင်းတို့ကြောင့် လူကြိုက်များပြီး ယခုခေတ်တွင် Desktop PC အစားထိုးဝယ်ယူအသုံးပြုလာသော Lenovo A70z All in one PC များနှင့် Business သမားများ အကြိုက်တွေ့ဦးမည့် ThinkPad Series ထဲမှ Graphic 128MB ပါရှိသော X100e Portable Notebook ကို ငွေကျပ်ငါးသိန်းအောက်ဖြင့်သာ ပြသရောင်းချပေးသွားမည်ဖြစ်သည်။ X100e Portable Notebook သည် သေးငယ်ပြီး အကြမ်းခံခြင်းကြောင့် အမြဲသယ်ဆောင်အသုံးပြုနေသောကျောင်းသား၊ကျောင်းသူ၊ စီးပွားရေးသမားများနှင့် စာနယ်ဇင်းသတင်းထောက်များအတွက် အကောင်းဆုံး စွမ်းဆောင်ပေးမည့် Notebook အသစ်ဖြစ်သည်။ နောက်ပိုင်း Notebook ဝယ်ယူသူများအနေဖြင့် Service ဝန်ဆောင်မှုအပိုင်းနှင့်အပိုပစ္စည်းထောက်ပံ့ပေးနိုင်မှုတို့ကိုလည်း ထည့်သွင်းရွေးချယ်ဝယ်ယူလာကြရာ Warranty ကာလအတွင်း စက်ချို့ယွင်းမှုတစ်ခုခုကြုံတွေ့ခဲ့လျှင် လွယ်ကူအဆင်ပြေစွာ ပြင်ဆင်နိုင်ရန်နှင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရမှု မရှိစေရန်၊ Warranty ကာလကျော်သွားလျှင်လည်း အပိုပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ရန်Lenovo Authorised Service Center ကိုလည်း အမှတ် (၁၇၀-၁၈၄) ပန်းဆိုးတန်းလမ်း အလယ်ဘလောက်တွင် ဖွင့်လှစ်ပေးထားသည်။

Lenovo အထူးဈေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချပေးမည့်ဆိုင်ကြီးများမှာ ရန်ကုန်မြို့တွင် KMD, Technoland, ICE, INNWA, King Empire, UNIQUE, MRS, Citicom, Neo Tech, King Service Wisdom, Access Spectrum, The Radiance၊ မန္တလေးမြို့တွင် KMD, Technoland, INNWA, MRS, DCD, Neo Tech, MAT, MyCom, iNet, NTG တို့နှင့် နေပြည်တော်တွင် KMD တို့၌ ကြည့်ရှုဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကညွတ်ကွင်း အထက ငွေရတု အာစရိယပူဇော်မည်

**ကညွတ်ကွင်း ဩဂုတ် ၂၇**

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများက အထက ကညွတ်ကွင်းမြို့၌ ပညာသင်ကြားပေးခဲ့သည့် သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား (၂၅)ကြိမ်မြောက် (ငွေရတု) အာစရိယပူဇော်ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကိုလာမည့် အောက်တိုဘာ ၂၃ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကညွတ်ကွင်းမြို့ အထက မြရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဆရာကြီးဦးစိုးတင့် (ရန်ကုန်)ဖုန်း-၀၉-၅၅၀၁၆၈၃၊ ဦးအောင်ဝင်း(ရောင်နီဦး) ဖုန်း-၀၉-၅၀၁၈၇၅၂၊ ဦးထွန်းမြင့် (T.Z.T.M)ဖုန်း-၀၆၇-၄၁၄၂၁၀၊ ဦးနိုင်လင်း (မန္တလေး) ဖုန်း-၀၉-၂၀၀၁၁၁၂၊ ဦးဝင်းလှိုင်(တောင်ငူ) ဖုန်း-၀၅၄-၂၃၂၄၉၃၊ ဒေါ်ခင်ဌေးတင် (မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၃၅၇၊ ဦးအောင်မြင့် (ကညွတ်ကွင်း)ဖုန်း-၀၉-၈၆၀၁၅၅၀၊ ဒေါ်ခင်မော် (ကျောင်းအုပ်ကြီး)ဖုန်း-၀၅၄-၅၀၀၀၈၊ ဦးစောလှိုင် ဖုန်း-၀၅၄-၅၀၁၄၅၊ ဦးကျော်ခိုင်ဝင်း ဖုန်း-၀၅၄-၅၀၀၄၃၊ ဦးခင်မောင်ဝင်း (ခြသေ့်မင်း)ဖုန်း-၀၅၄-၅၀၄၃၇၊ ကညွတ်ကွင်း တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ကြရမည့် သစ်တောကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ

မောင်စိမ်းလန်း (သစ်တော)

၂၀ရာစုနှောင်းပိုင်းမှစတင်၍ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သဘာဝပတ်ဝန်းကျင်အား ယိုယွင်းစေခဲ့သော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်စေခဲ့သော အဓိကအကြောင်းရင်း နှစ်ရပ်ရှိပါသည်။ ပထမတစ်ခုမှာ ကမ္ဘာမြေ၏ သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲမှု အလွန်အမင်း များပြားလာခြင်းဖြစ်သည်။ အထူးသဖြင့် ပြန်ပြည့်မြဲ သဘာဝသယံဇာတများ (Renewable natural resources) ဖြစ်သည့် သစ်တောများ၊ ရေထု၊ မြေထု၊ လေထု၊ ဇီဝမျိုးစုံမျိုးကွဲများအား စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်သော ပမာဏထက်ပိုမို၍ ထုတ်ယူသုံးစွဲနေခြင်း ဖြစ်သည်။ ဒုတိယတစ်ခုမှာ ဖွံ့ဖြိုးလာသော စက်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကဏ္ဍအသီးသီးမှ ထုတ်လွှတ်သော မှန်လုံအိမ်ဓာတ်ငွေ့များနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုများ တိုးပွားလာခြင်းဖြစ်သည်။ အဓိကအားဖြင့် မှန်လုံအိမ်ဓာတ်ငွေ့များ လေထုထဲတွင်ရှိသင့်သည့် ပမာဏထက် အဆမတန် ပိုမိုများပြားလာသောကြောင့် ကမ္ဘာကြီးပိုမိုပူနွေးလာပြီး ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာသည်။

ကမ္ဘာကြီးပိုမိုပူနွေးခြင်းနှင့် ရာသီဥတုပြောင်းလဲလာခြင်းတို့၏ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သဘာဝတောများကို ပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းစဉ်များသည် အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြု လက်ခံလာကြပါသည်။ အဘယ်ကြောင့်ဆိုသော် သစ်တောများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ဂေဟစနစ်မျှချေအား ထိန်းညှိပေးခြင်း စသည့် လုပ်ငန်းများကို အဓိကဆောင်ရွက်ပေးသောကြောင့် ဖြစ်ပါသည်။

သစ်တောများသည် ကာဗွန်စုပ်ယူသိုလှောင်ထားသည့် လှောင်ကန်များ (Sinks)ဖြစ်သကဲ့သို့ ကာဗွန်များထုတ်လွှတ်ရာရင်းမြစ်များ (Sources) လည်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ထုတ်လွှတ်လျက်ရှိသည့် စုစုပေါင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့အနက် ၂၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော သစ်တောများပြုန်းတီးမှုနှင့် သစ်တောအတန်းအစား လျော့ကျခြင်းကြောင့် ထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ဖြစ်ပါသည်။ ၁၉၉၀-၂၀၀၅ ခုနှစ်အတွင်း ကမ္ဘာ့သစ်တောများ၏ တစ်နှစ်ပျမ်းမျှ သစ်တောပြုန်းတီးမှုနှုန်းမှာ စတုရန်းကီလိုမီတာ ၈၃ ဒသမ ၄၈ သန်းရှိခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောပြုန်းတီးမှုနှုန်းမှာ စတုရန်းကီလိုမီတာ ၉၀ ဒသမ ၆၂ သန်း ရှိခဲ့ပါသည်။ ထို့ကြောင့် ရာသီဥတု ပြောင်းလဲမှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘာ့ရာသီဥတု ထိန်းသိမ်းရေး လုပ်ငန်းစဉ်များတွင် သစ်တောစိုက်ခင်းများ တည်ထောင်ရန်လိုအပ်သကဲ့သို့ သစ်တောများ ပြုန်းတီးမှုကို ကာကွယ်ရန်နှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှလည်း တားဆီးကာကွယ်ရန် မလွဲမသွေ လိုအပ်ပါသည်။

၁၉၉၇ခုနှစ်က ဂျပန်နိုင်ငံ ကျိုတိုမြို့၌ကျင်းပခဲ့သော ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကွန်ဗင်းရှင်း(United Nations Framework Convention on Climate Change- UNFCCC)၏ (၃)ကြိမ်မြောက် အထွေထွေညီလာခံ(Conference of the Parties- COP 3)က သစ်တောများ ပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို သန့်ရှင်းသောဖွံ့ဖြိုးမှုလုပ်ငန်းစဉ်(Afforestation and Reforestation Clean Development Mechanism- A/R CDM)အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ(Annex I Countries)နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ(non-Annex I Countries)တို့အကြား ကာဗွန်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်ပါသည်။ အဓိကရည်ရွယ်ချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ရရှိလာမည့် ကာဗွန်ပမာဏ (Carbon Credits)အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများက ဝင်ငွေရရှိနိုင်စေရန်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများက ၎င်းတို့ ဖြည့်ဆည်းရမည့် ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်းဆိုင်ရာ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်စေရန်ဖြစ်ပါသည်။ သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၏ ပထမကတိကဝတ်ကာလ (First Commitment Period)ကို ၂၀၀၈မှ ၂၀၁၂ခုနှစ်အထိ သတ်မှတ်ထားပြီး ယင်း ကာလအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကာဗွန်ထုတ်လုပ်မှုအား ၎င်းနိုင်ငံများ၏ ၁၉၉၀ ခုနှစ်တွင် ထုတ်လွှတ်ခဲ့သော ပမာဏအောက် ၅ ဒသမ ၂ ရာခိုင်နှုန်းအထိ လျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ (၁၅)ကြိမ်မြောက် အထွေထွေညီလာခံ (COP 15)၏ ကိုပင်ဟေဂင်သဘောတူညီချက် (Copenhagen Accord)အရ သစ်တောပြုန်းတီးခြင်း(Deforestation)နှင့် သစ်တောအတန်းအစားလျော့ကျခြင်း (Forest Degradation)မှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းအပြင် သစ်တောကာကွယ်ထိန်းသိမ်းခြင်း (Conservation)၊ သစ်တောများထာဝစဉ်တည်တံ့အောင် စီမံအုပ်ချုပ်ခြင်း (Sustainable Forest Management)နှင့် သစ်တောများ ပြန်လည်ထူထောင် ထိန်းသိမ်းခြင်း (Restoration)လုပ်ငန်းများသည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပမာဏကို လျှော့ချရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသောကြောင့် REDD+(REDD plus)လုပ်ငန်းစဉ်များအဖြစ် ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါသည်။ REDD+ လုပ်ငန်းစဉ်များ၏ အခြေခံသဘောသဘာဝမှာ လျှော့ချနိုင်သော ကာဗွန်ထုတ်လုပ်မှု ပမာဏအလိုက် ငွေကြေးတန်ဖိုးသတ်မှတ်၍ ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဘဏ္ဍာငွေကြေး ထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းစဉ်သို့မဟုတ် ကာဗွန်ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်ပါသည်။

သစ်တောစိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ် (A/R CDM)နှင့် REDD+ လုပ်ငန်းစဉ်များသည် ဒေသခံပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့်သာ ဆောင်ရွက်နိုင်မည့်လုပ်ငန်းများဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်နှစ်မျိုးလုံးသည် စီမံကိန်းဒေသရှိ ဒေသခံပြည်သူအစုအဖွဲ့များအား အခြေခံထားလျက် အကောင်အထည်ဖော်ကြရမည် ဖြစ်ပါသည်။ ဒေသခံပြည်သူများ အဆိုပါလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာနိုင်ခြင်း၊ ဝင်ငွေတိုးပွားလာပြီး လူနေမှုစနစ် မြင့်မားလာနိုင်စေခြင်း၊ ဒေသတွင်း ရာသီဥတု ကောင်းမွန်မျှတပြီး စိုက်ပျိုးရေးထွက်ကုန်များ အထွက်နှုန်းပိုမို ကောင်းမွန်လာစေနိုင်ခြင်း၊ သစ်တောများတည်ထောင်၍ ကာဗွန်ရောင်းချခြင်း သို့မဟုတ် သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးတွင် တက်ကြွစွာပါဝင်ခြင်းဖြင့် အပိုဝင်ငွေရရှိကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရုံသာမက နိုင်ငံ၏စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေပါသည်။

ယခင်က သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် နိုင်ငံခြားဝင်ငွေရရှိစေရန် အဖိုးတန်သစ်များအား ထုတ်ယူရောင်းချခြင်းဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြပါသည်။ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်သော ပမာဏထက် ကျော်လွန်သောအခါ သစ်တောများပြုန်းတီးခြင်း၊ သစ်တောအတန်းအစား ကျဆင်းခြင်းအပြင် ဂေဟဗေဒစနစ်ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်၍ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများပါ ရင်ဆိုင်လာကြရပါသည်။

ယခုအခါ သစ်တောကဏ္ဍတွင် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ ရရှိလာသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ(Environmental Services) ကို ရောင်းချခြင်းဖြင့် သစ်ထုတ်ခြင်းကဲ့သို့ နိုင်ငံခြားဝင်ငွေရရှိစေရန် အခွင့်အလမ်းများရှိနေပြီ ဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်တောများ ကာကွယ်ထိန်းသိမ်း၍ စုဆောင်းရရှိလာသော ကာဗွန်များအား REDD+ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ပြီး ရောင်းချခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဂေဟစနစ်ထိန်းသိမ်းခြင်း၊ သဘာဝသစ်တောသယံဇာတ အမွေအနှစ်ထိန်းသိမ်းခြင်း လုပ်ငန်းများမှ ဝင်ငွေများ မြောက်မြားစွာ ရရှိနိုင်ပြီဖြစ်သည်။

သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တိုက်ရိုက်အကျိုးကျေးဇူးများဖြစ်သည့် အဖိုးတန် သစ်၊ ထင်း၊ ဝါးနှင့် သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများ ပိုမိုပေါကြွယ်ဝလာစေရုံမက ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာခြင်း၊ ရေကောင်းရေသန့်များ ပေါများစွာ ရရှိနိုင်ခြင်း၊ သဘာဝရေထွက်များကို ပေါများလာစေခြင်း၊ ရာသီဥတုမျှတကောင်းမွန်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သစ်တောများ တည်ရှိမှုကြောင့် မြေဆီမြေလွှာများ ထိန်းသိမ်းနိုင်ခြင်း၊ လေကောင်းလေသန့် ရရှိခြင်း၊ မြစ်၊ ချောင်းနှင့် ဆည်များ မတိမ်ကောစေရန် ရေဝေရေလဲဧရိယာများ ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုကောင်းမွန်မျှတခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အထွက်နှုန်းတိုးခြင်း၊ ကျေးလက်ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ရရှိနိုင်ပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သစ်တောစိုက်ပျိုး ပြုစုထိန်းသိမ်းရေး လုပ်ငန်းများတွင် ဒေသခံပြည်သူများကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်ရန်အတွက် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လမ်းညွှန်ချက်များ (Community Forestry Instructions- CFIs) ကို ၁၉၉၅ခုနှစ်တွင် ထုတ်ပြန်၍ ဆောင်ရွက်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်များနှင့်အညီ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအား နိုင်ငံနှင့်အဝန်းတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉ခုနှစ် နှစ်ကုန်ပိုင်းအထိ စာရင်းအရ သစ်တောအသုံးပြုသူအဖွဲ့ဝင်ပေါင်း ၃၉၂၉၈ ရှိပြီး သစ်တောဧရိယာ ၁၀၂၄၀၂၈ဧက စိုက်ပျိုးတည်ထောင်ပြီး ဖြစ်ပါသည်။ ဒေသခံပြည်သူများသည် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ သာမက ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများပါ ရရှိခံစားကြရမည် ဖြစ်ပါသည်။

သစ်တောဦးစီးဌာနသည် ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်သမျှသော နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းလျက်ရှိရာ ၂၀၀၉-၂၀၁၀ခုနှစ်တွင် နိုင်ငံတစ်ဝန်း၌ အိမ်ထောင်စုပေါင်း ၁၁၆၅၀၈၉ အတွက် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် ၃၅၄၄၈၂၃ပင်၊ အိမ်ထောင်စုပေါင်း ၃၀၆၅၂၅ အတွက် တစ်အိမ်ထောင်လျှင် သစ်မာ(ယူကလစ်)အပင် ၂၀နှုန်းဖြင့် ၆၂၁၇၅၉၀ပင်၊ ကျေးရွာပေါင်း ၃၈၃၂အတွက် ကျေးရွာတစ်ရွာ သစ်တောစိုက်ခင်း တစ်ဧကနှုန်းဖြင့် စိုက်ခင်း ၃၈၃၂ ဧက စိုက်ပျိုးတည်ထောင်နိုင်ခဲ့ပြီး နှစ်စဉ် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်လည်း စီမံကိန်းများရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ်သစ်တောစိုက်ခင်းတည်ထောင်မှုနှုန်းမှာ ဟက်တာ ၃၀၀၀၀ကျော် (၇၄၁၀၀ဧက) ကျော်ရှိပြီး ၂၀၀၉ ခုနှစ်အကုန်အထိ ၈၃၈၆၄၂ ဟက်တာ (၂၀၇၁၄၄၆ ဧက) တည်ထောင်ပြီး ဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ သစ်တောစိုက်ခင်းတည်ထောင်ရေးလုပ်ငန်းများသည် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ ဝင်ငွေတိုးပွားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေရေးသာမက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်ပါ များစွာအထောက်အကူပြုလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သဘာဝသစ်တောများအား ထိန်းသိမ်းကာကွယ်ရေး၊ စီမံအုပ်ချုပ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် အကျိုးအမြတ်များ အပြည့်အဝ ခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝသစ်တောသယံဇာတများ ထိန်းသိမ်းရေးလုပ်ငန်းများမှတစ်ဆင့် ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက်အထိ ရည်မှန်းဆောင်ရွက်လျက် ရှိပါသည်။ သဘာဝသစ်တောသယံဇာတများနှင့် သစ်တောဂေဟစနစ်များ၊ ဇီဝမျိုးစုံ မျိုးကွဲများအား ထိခိုက်မှုမရှိစေဘဲ သစ်တောများ၏ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတန်ဖိုးများမှ နှစ်စဉ် ဝင်ငွေ လုံလောက်စွာရရှိနေစေမည့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံပြည်သူများအနေဖြင့် ဆတက်ထမ်းပိုး ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။



သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော စံပယ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်နှင့်အဖွဲ့ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (ကြေးမုံ)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၇ ရက်က ညောင်ရွှေမြို့အဝင် လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ ပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)





မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ အမှတ်(၉၂) နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့နေ ဦးအေးသောင်း - ဒေါက်တာဒေါ်အေးအေးသိန်း မိသားစုက ဩဂုတ် ၁၈ ရက်တွင် ကျရောက်သော ဒေါက်တာဒေါ်အေးအေးသိန်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံစဉ်။ (ကြေးမုံ)

❖ ကျောဖုံးမှ

ဖြစ်သည်ကို တွေ့ရသည်။ လူ၏လုပ်အား အသုံးပြုခြင်းဆို၍ ပဲပိစပ်ကုန်ကြမ်းကို ကြိတ်ခွဲစက်အတွင်း ထည့်ပေးခြင်းသာ ရှိသည်။ ကျန်အစိတ်အပိုင်းများ၌ လူကစက်ကို ကိုင်တွယ်မောင်းနှင်ပေးရုံသာဖြစ်သည်။ ပဲပိစပ်ကုန်ကြမ်းကို ကြိတ်ခွဲသည်မှ ဆီသန့်ရရှိသည်အထိ စက်ကိရိယာများဖြင့်သာ အဆင့်ဆင့် လုပ်ဆောင်ခြင်းဖြစ်၍ သမားရိုးကျ ဆီကြိတ်စက်မှ ထုတ်လုပ်သော ဆီများထက် ပိုမိုသန့်စင်မှုရှိကြောင်း သိရသည်။ ပတ္တမြားဆီစက်သည် တစ်နေ့လျှင် ပဲပိစပ်ကုန်ကြမ်းတန် ၁၀၀ အထိကြိတ်ခွဲနိုင်သည်။

ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ္တမြားပဲပိစပ်ဆီသန့် ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် စပ်လျဉ်း၍ သိရှိနိုင်ရန် Ruby Lion ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါ်သန္တာလင်းအား ပတ္တမြားဆီစက်သို့ သွားရောက်လေ့လာစဉ် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

ရှေးဦးစွာ ဒါရိုက်တာဒေါ်သန္တာလင်းက ပဲပိစပ်ဆီသန့် ထုတ်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ “မြန်မာနိုင်ငံမှာ ရှေးအစဉ်အဆက် မိရိုးဖလာဆီစက်တွေနဲ့သာ ပဲဆီတို့ နှမ်းဆီတို့ ထုတ်လုပ်ခဲ့ကြပါတယ်။ သမားရိုးကျ ဆီကြိတ်မှုဟာ ဆီထွက်နှုန်းနည်းခြင်းနဲ့ ဆီကြိတ်ဖတ်မှာ မှိုခါတ်ပါဝင်ခြင်း စတဲ့အချက်တွေရှိပါတယ်။ ခေတ်မီစက်ကြီးတွေနဲ့ ဆီထုတ်လုပ်ခြင်းဟာ ဆီထွက်များခြင်း၊ ဆီသန့်စင်မှုရှိခြင်းနဲ့ ပဲဖတ်မှာ မှိုခါတ်ကင်းစင်ခြင်းစတဲ့ အားသာချက်တွေရှိပါတယ်။ ပဲပိစက်ဆီဟာ ကိုလက်စထရော ပါဝင်မှုမရှိခြင်းကြောင့် ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်။ ဒါ့အပြင် ပဲပိစပ်ဆီကြိတ်ရာမှရရှိတဲ့ ပဲဖတ်ဟာ ဆီပါဝင်မှုနှုန်း နည်းခြင်း၊ ကြာရှည်အထားခံခြင်းနဲ့ အသားဓာတ်ပိုမိုပါဝင်ခြင်းတို့ကြောင့် တိရစ္ဆာန်အစာအတွက် အထူးသင့်လျော်ပါတယ်။ ပဲပိစပ်ဆီဟာ ရာသီဥတုအအေးရေခဲမှတ် သုည ဒီဂရီစင်တီဂရိတ်အထိ အေးခဲသွားခြင်းမရှိတာကြောင့် ရေခဲသေတ္တာထဲ ထည့်ထားရင်တောင်မခဲပါဘူး။ ပြည်တွင်းက ထွက်ရှိတဲ့ ပဲပိစပ်ကို နိုင်ငံတကာ အဆင့်မီစက်တွေနဲ့ ထုတ်လုပ်ခြင်းအားဖြင့် ပြည်တွင်းဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ဖို့နဲ့ ပြည်သူတွေ ကျန်းမာရေးနဲ့ညီညွတ်တဲ့ ဆီကို ပြည်တွင်းမှာ အလွယ်တကူ ဝယ်ယူစားသုံးနိုင်စေဖို့ ရည်ရွယ်ပြီး ပဲပိစပ်ဆီသန့်ထုတ်လုပ်ဖြစ်ခဲ့တာပါ” ဟုပြောကြားသည်။

ဒါရိုက်တာ ဒေါ်သန္တာလင်းသည် ဩစတြေးလျနိုင်ငံ New South Wales တက္ကသိုလ်မှ Food Science & Nutrition ဘာသာရပ်ဖြင့် B.Sc ဘွဲ့ ရရှိခဲ့သူဖြစ်ပြီး နိုင်ငံတကာဆီစားသုံးမှုနှင့် ထုတ်လုပ်မှုတို့ကို အချိန်ယူလေ့လာခဲ့ကြောင်း သိရသည်။



Ruby Lion ကုမ္ပဏီ လီမိတက် (ပတ္တမြားဆီစက်)မှ ဒါရိုက်တာ ဒေါ်သန္တာလင်းက ပဲပိစပ်ဆီသန့်ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။



ရွှေပြည်သာ စက်မှုဇုန်ရှိ ပတ္တမြားဆီစက်၌ ပဲပိစပ်ဆီသန့် ထုတ်လုပ်မှုအဆင့်ဆင့်ကို ခေတ်မီစက်ကိရိယာများဖြင့် လုပ်ဆောင်နေကြစဉ်။

**ဆီသန့်**

ဒေါ်သန္တာလင်းက ပတ္တမြား ပဲပိစပ်ဆီသန့်နှင့်စပ်လျဉ်း၍ “ပတ္တမြား ပဲပိစပ်ဆီသန့်ဟာ ခေတ်မီနည်းပညာဖြင့် အသင့်ဆမ်းစားသုံးနိုင်တဲ့အဆင့်အထိ အဆင့်ဆင့်သန့်စင်ထားတဲ့ ဆီသန့် (Salad Oil) ဖြစ်ပါတယ်။ ဆီပူဆီကျက်ဖို့ မီးခိုးတွေ တထောင်းထောင်းနဲ့ အငွေ့ပျံတဲ့အထိ စောင့်စရာမလိုဘဲ လိုအပ်တဲ့အပူချိန်ရောက်ရင် ကြော်ချက်စားနိုင်တဲ့အတွက် အချိန်ကုန်၊ ဆီကုန်သက်သာပါတယ်။ ပဲပိစပ်ဆီကြမ်းမှာရှိတဲ့ အရောင်နဲ့အနံ့တို့ကို ဖယ်ရှားရာမှာ ခေတ်မီလေဟာနယ်သုံးစက်ကြီးတွေနဲ့ အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ်မှာ ထုတ်လုပ်ထားတာဖြစ်ပါတယ်။ စက်ထဲမှာ ရေနွေးငွေ့နဲ့ အပူချိန် ၂၅၀ ဒီဂရီစင်တီဂရိတ်ပေးထားလို့ ပိုးသတ်ပြီးသားဖြစ်သလို ရေဓာတ်ပါဝင်မှုကိုလည်း သန့်စင်ပြီးဖြစ်ပါတယ်။ ဆီအကြောင်းပြောရင် ပဲဖတ်အကြောင်း ထည့်မပြောလို့ မရပါဘူး။ ဘယ်လိုနည်းနဲ့ ဆီကြိတ်ကြိတ် ပဲဖတ်က အဓိကကျပါတယ်။ ဆီကြိတ်ရင် ၈၀ ရာခိုင်နှုန်းက ပဲဖတ်ရတာပါ။ ပဲဖတ်ကို ရောင်းအားရှိမှသာ ဆီကို ထုတ်လုပ်ဖို့ တွက်ခြေကိုက်မှာဖြစ်ပါတယ်။ မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ ပြည်တွင်းက ထွက်ရှိတဲ့ ပဲဖတ်ကို ပိုမိုဝယ်ယူသုံးစွဲလာတာနဲ့အမျှ ဆီဈေးနှုန်းလည်း တည်ငြိမ်မှာဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

ပဲပိစပ်ကို ဆီကြိတ်ခြင်းဖြင့် စားသုံးဆီသန့် ၁၅ ရာခိုင်နှုန်း၊ အသားဓာတ် ၅၀ ရာခိုင်နှုန်း ပါဝင်သည့် လတ်ဆတ်ပြီး မှိုကင်းစင်သော တိရစ္ဆာန်အစာဖတ်(ပဲဖတ်) ၈၀ ရာခိုင်နှုန်း ထွက်ရှိသည်။ ထို့အပြင် သား၊ ငါးကဏ္ဍအတွက် တိရစ္ဆာန်အစာ ပဲဖတ်ရရှိခြင်းနှင့် ဆပ်ပြာချက်လုပ်ရာတွင် အသုံးဝင်သည့် ဆပ်ပြာဆီများ ထွက်ရှိသည့်အတွက် သွင်းကုန်အစားထိုး စက်မှုကုန်ကြမ်းရရှိနိုင်ပေသည်။

ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက်မှ ပဲကုန်ကြမ်း တန် ၁၀၀ ကျ စက်ကြီးများဖြင့် ဝယ်ယူရရှိသော ပဲပိစပ်ကုန်ကြမ်းများ၌ ပါဝင်လေ့ရှိသော သံ၊ ခဲ၊ သဲနှင့် အမှိုက်များကင်းစင်စေရန် ဆွဲအားသုံးစက်များဖြင့် သန့်စင်ပြီး နိုင်ငံတကာဆီကြိတ် လုပ်ငန်းသုံးနည်းပညာဖြင့် ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းသို့ ထုတ်လုပ်ရရှိသော ပဲပိစပ်ဆီ၏ ထူးခြားချက်မှာ မှိုခါတ်(Afatoxin) လုံးဝကင်းစင်ပြီး စားသုံးဆီများတွင် ပါဝင်တတ်သော စားသုံးရန်မသင့်သည့် ဖယောင်း၊ အစေး၊ အချွဲနှင့် အချဉ်ဖောက်စေသည့် (FFAS) များ မပါဝင်သဖြင့် ဆီပျက်စီးမှု(Rancidity) လျော့နည်းစေပြီး တာရှည်အထားခံသည်။ သေချာစွာထုပ်ပိုး(Packing) ထားသည့် ပတ္တမြားပဲပိစပ်ဆီသန့်သည် ဆီမလတ်ဆတ်မှုကြောင့် ဖြစ်သောလည်ချောင်းရှခြင်း၊ ချောင်းဆိုးခြင်းများ လုံးဝဖြစ်စေနိုင်ခြင်းမရှိဟု သိရသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အရ ပြည်သူများအတွင်း ပြည့်ဝဆီနည်းသော စားသုံးဆီများကို ရွေးချယ်စားသုံးလာကြရာ မှုန်ဝါးခြင်း၊ အေးခဲခြင်းမရှိသည့် ပဲပိစပ်ဆီသန့်ကို ပိုမိုသုံးစွဲလာကြသည်။ ပဲပိစပ်ဆီသန့် စားသုံးခြင်းဖြင့် ကိုယ်လက်စထရော ပါဝင်မှုများသည့် အဆီစားသုံးရာတွင် ဖြစ်တတ်သော နှလုံးသွေးကြောကျဉ်းရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားမှု လျော့နည်းစေသည်။

**စရိတ်သက်သာ**

ပဲပိစပ် ဆီသန့်ထုတ်လုပ်ခြင်းသည် ပြည်တွင်းစိုက်ပျိုးရေး ထွက်ကုန်ကို ပြည်တွင်း၌သာထုတ်လုပ်ခြင်းကြောင့် ပဲစိုက်တောင်သူများအတွက် အားထားစရာ ဈေးကွက်တစ်ခုဖြစ်လာသကဲ့သို့ ပြည်တွင်းစားသုံးဆီဈေးနှုန်း ကျဆင်းရေးကိုလည်း အထောက်အကူပြုနိုင်ပေသည်။ ပဲပိစပ်စိုက်ပျိုးခြင်းသည် မြေဆီခန်းခြောက်မှုမရှိဘဲ ကုန်ကျစရိတ်သက်သာသဖြင့် တောင်သူများ ရေရှည်ဝင်ငွေရရှိနိုင်သော သီးနှံဖြစ်သည်။

ပတ္တမြား ပဲပိစပ်ဆီသန့်ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ သွင်းကုန်အစားထိုးနိုင်သကဲ့သို့ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီကို ဝယ်ယူရရှိနိုင်ပြီး ပဲစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားကာ ဒေသ ဖွံ့ဖြိုးတိုးတက်မှုကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။



ရွှေပြည်သာ စက်မှုဇုန်ရှိ ပတ္တမြားဆီစက်၌ ပဲပိစပ်ဆီသန့် ထုတ်လုပ်မည့် ပဲပိစပ်ကုန်ကြမ်းများကို စနစ်တကျ သိုလှောင်ထားစဉ်။

# ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘိုးဘွားအမွေအနှစ်များအဖြစ် ထာဝရတည်ရှိနေစေရန် ဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များ

နေပြည်တော် ဩဂုတ် ၂၇

**ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ-၄အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရှေးဟောင်းအမွေအနှစ်ဒေသများ၊ အဆောက်အအုံများ မပျက်စီးမဆုံးရှုံးစေရန်နှင့် ပျက်စီးစေမည့် မလိုလားအပ်သော အနှောင့်အယှက်များ မဖြစ်ပေါ်စေရန် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်များ၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်များနှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် သတ်မှတ်ခြင်း၊ ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါ ဇုန်သတ်မှတ်ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ ဂူဘုရားများ၊ ရှေးမြို့ဟောင်းများ၊ ရှေးဟောင်းနေရာဒေသများ၌ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခြင်း၊ တည်ဆောက်ခြင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေနေရာတိုးချဲ့ခြင်း၊ အဆောက်အအုံအသစ် တည်ဆောက်ခြင်းစသော ဆောင်ရွက်မှုမျိုးပြုလုပ်လိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်ခွင့်ပြုချက် တင်ပြလျှောက်ထားရန် လိုအပ်ပြီး ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကာ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များလည်း ထိခိုက်ပျက်စီးနိုင်ပါသည်။

သို့ဖြစ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ဇုန်နယ်မြေများ သတ်မှတ်ကာကွယ်ထိန်းသိမ်းထားပြီး ဖြစ်သည့် ရှေးဟောင်းအမွေအနှစ်နေရာဒေသ၊ အဆောက်အအုံများကို သိရှိ၊ သတိပြုလိုက်နာနိုင်ရန်နှင့် စောင့်ရှောက်၊ ထိန်းသိမ်း၊ ကာကွယ်နိုင်စေရန်အတွက် အသိပေးထားသည်။

**ဇုန်နယ်နိမိတ်သတ်မှတ်ပြဋ္ဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်**

| စဉ် | သတ်မှတ်ဒေသ | သတ်မှတ်ဇုန်အမျိုးအစား | အမိန့်ကြော်ငြာစာအမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ |
|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ် | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၉၉<br>၁၁-၂-၉၉ |
| ၂ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်<br>**ကမ္ဘောဇသာဒီနန်းတော်ရာ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၂/၉၉<br>၁၁-၂-၉၉ |
| ၃ | မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံများ<br>**အမရပူရမြို့နယ်**<br>- မဟာဝေယံဘုံသာဗားကရာကျောင်းတော်ကြီး<br>**အောင်မြေသာစံမြို့နယ်**<br>- မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး<br>- ရွှေနန်းတော်ကျောင်း<br>- နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား<br>- မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၃/၉၉<br>၆-၈-၉၉ |
| ၄ | မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်ရှိ<br>- **ကျိုက်ထီးရိုးဘုရားနှင့် တောင်ထွတ်နယ်မြေ** | ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၄/၉၉<br>၁၁-၁၀-၉၉ |
| ၅ | ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်အတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ<br>- သရေခေတ္တရာမြို့ဟောင်းနှင့်ပတ်ဝန်းကျင် | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ | ၁/၂၀၀၁<br>၃၀-၁-၂၀၀၁ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ<br>**ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ**<br>**- မြသိန်းတန်ဘုရား**<br>**- မင်းကွန်းခေါင်းလောင်းရုံ**<br>**- ပုထိုးတော်ကြီး**<br>**- ခြင်္သေ့ကြီးနှစ်ကောင်(ပုထိုးတော်ကြီးအနီး)**<br>**- စက်တော်ရာဘုရား**<br>**- ပုံတော်စေတီ(မင်းကွန်း)** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ | ၂/၂၀၀၁<br>၁၈-၅-၂၀၀၁ |
| ၇ | မကွေးတိုင်းဒေသကြီး၊<br>တောင်တွင်းကြီးမြို့နယ်အတွင်းရှိ<br>**- ဗိဿနိုးမြို့ဟောင်း** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၂၀၀၂<br>၂၉-၅-၂၀၀၂ |
| ၈ | မန္တလေးတိုင်းဒေသကြီး၊<br>သပိတ်ကျင်းမြို့နယ်အတွင်းရှိ<br>**- တကောင်းမြို့ဟောင်းဒေသ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၂၀၀၇<br>၅-၆-၂၀၀၇ |
| ၉ | မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊<br>ကျိုက်မရောမြို့နယ်ဒေသ<br>**- ခရိုဂူ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၂၀၀၈<br>၁၃-၆-၂၀၀၈ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊<br>ဝက်လက်မြို့နယ်<br>ဟန်လင်းစံပြကျေးရွာဒေသ<br>**- ဟန်လင်းမြို့ဟောင်း** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၂၀၀၈<br>၁၃-၆-၂၀၀၈ |
| ၁၁ | မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊<br>တံတားဦးမြို့နယ်<br>**- အင်းဝမြို့ဟောင်းဒေသ** | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊<br>ရှေးဟောင်းနေရာတည်ရှိရာဇုန်၊<br>ကာကွယ်ထိန်းသိမ်းထားသောဇုန်၊ | ၁/၂၀၀၈<br>၁၃-၆-၂၀၀၈ |

ဆက်လက်ဖော်ပြပါမည်။





# မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်တွင် မြဝတီမြို့မအားကစားကွင်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲအသင်းများနှင့် အသင်းအုပ်ချုပ်သူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ယင်းပြိုင်ပွဲသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# Yangon International Products Showcase 2010-ပြပွဲ တပ်မတော်ခန်းမ၌ ပြသ

**ရန်ကုန်  ဩဂုတ်  ၂၇**

ထိုင်းနိုင်ငံ ပို့ကုန်မြှင့်တင်ရေးဌာန (Department of Export Promotions Thailand )၏ ပံ့ပိုးကူညီမှုဖြင့် Inforithm-Maze က ကြီးမှူး၍ The 1st Yangon International Products Showcase 2010- ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ Inforithm-Maze မှ ဦးသောင်းစုငြိမ်းနှင့် ဒေါ်စုငြိမ်းအေးတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၄၇ ခုတို့မှ ပါဝင်ပြသကြပြီး ပြခန်းများတွင် စားသောက်ကုန်၊ အလှကုန်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးဆိုင်ရာပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ မင်္ဂလာအိပ်ရာခန်းဝင် ပစ္စည်းများ၊ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ ဆေးဝါးကုသမှု ဆိုင်ရာ ဆေးရုံများ၊ လေကြောင်း ပို့ဆောင်ရေးလုပ်ငန်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများ၊ နောက်ဆုံးပေါ် ဖက်ရှင်ဒီဇိုင်းများ၊ ထိုင်းရိုးရာ အစားအသောက်များကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။ ပြပွဲတွင် ငွေကျပ်တစ်သောင်းနှင့်အထက် ဝယ်ယူသူများအား ကံစမ်းမဲဖောက်၍ ချက်ချင်းဆုလက်ဆောင်များ ပေးလျက်ရှိသည်။ ထို့အပြင် ဖျော်ဖြေရေး အစီအစဉ်ဖြင့် ပြပွဲလာပရိသတ်များအား ဖျော်ဖြေပေးလျက်ရှိသည်။

ပြပွဲကို ဩဂုတ် ၂၇ရက်မှ ၂၉ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ပြသမည်ဖြစ်ပြီး တပ်မတော်ခန်းမမှ ဆူးလေ၊ လှည်းတန်း၊တာမွေဈေး ခရီးစဉ် များအတွက် ကြိုပို့ယာဉ်သုံးစီးဖြင့် နှစ်နာရီခြားတစ်ကြိမ် အခမဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ Inforithm-Maze မှ ဦးသောင်းစုငြိမ်းနှင့် ဒေါ်စုငြိမ်းအေးတို့က The 1st Yangon International Products Showcase 2010-ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၇**

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီး မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေး၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြကာ ပထမနေ့ပွဲစဉ်များကို စတင်ကျင်းပသည်။အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ရက်မှ ၂၇ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၇သင်းမှ ပြိုင်ပွဲဝင်အားကစားသမား ၁၁၄ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၈-၈-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -ဘွဲ့မည်တွင်ခေါ် မိုးကုတ်ဆရာတော် (အပိုင်း-၂) |
| ၇း၁၅ | ၄။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၇။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၂။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၃။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | ၄။ | **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၃၃)** |
| ၁၂း၀၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း -ချစ်ကြည့်ရအောင် (နေတိုး၊ မိုးဟေကို) (ဒါရိုက်တာ-ဟိန်းစိုး)** |
| ၁း၃၀ | ၆။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၂း၀၀ | ၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၄)** |
| ၂း၅၅ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၃း၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၃၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၃၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၄၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| ၅း၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၄၀ | ၉။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၀ | ၁၃။ | စားဖိုဆောင်ချစ်သူ |
| ၆း၄၅ | ၁၄။ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၂)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | လူ့ရှင်တော်စတား |
| | ၂၁။ | အင်္ဂလိပ်စာသုတ |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား(အပိုင်း-၁၀)** |
| | ၂၄။ | လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၂) |
| | ၂၅။ | သင့်အတွက်မနက်ဖြန် |
| | ၂၆။ | အပိတ်နှုတ်ဆက်စကား |
| | ၂၇။ | ပြီးပါပြီ။ |

# ဝက်လက်မြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန်  ဩဂုတ်  ၂၇**

ဝက်လက်မြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၂၁ရက် နံနက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဓမ္မစကြာရိပ်သာကျောင်း၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ရဲမှူးကြီးအေးကို(ငြိမ်း)က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးသန်းဌေးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး ဦးကျော်ဇောနှင့် ဘဏ္ဍာရေး ဒေါ်ခင်ဌေးမြင့်တို့က ရှင်းလင်းတင်ပြကာ အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ကြပြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)



# ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဟာသဇာတ်ကား ဆက်လက်ပြသ





**ရန်ကုန်  ဩဂုတ်  ၂၇**

ယခုသောကြာပတ် ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ ပြီးခဲ့သည့် သောကြာနေ့က ရုံတင်ပြသခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားသစ် **ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်** ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

ရွှေတောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာကိုဇော် (အရုဏ်ဦး) ရိုက်ကူးသည့် ဤဇာတ်ကားမှာ မြန်မာကျေးလက်နေ လူတန်းစားတို့၏ ရိုးသားသည့်စရိုက်ကို အခြေခံသော လူနေမှုဘဝကို ဒါရိုက်တာက သွက်လက်သောရိုက်ချက်၊ ဆန်းသစ်သော အတွေးအမြင်တို့ဖြင့် ပရိသတ်အကြိုက် ရိုက်ကူးတင်ပြထားရာ ဟာသဇာတ်ကား ကြိုက်နှစ်သက်သူ ရုပ်ရှင်ချစ်ပရိသတ်ကြီး အကြိုက်တွေ့မည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ကျော်ရဲအောင်၊ ပြေတီဦး၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ ချောရတနာနှင့် ခင်လှိုင်တို့ခေါင်းဆောင်ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ သုံးရုံတစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

**ဟတ်ထိတယ်**

ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်သည့် **ဟတ်ထိတယ်** ဟာသဇာတ်ကားမှာ ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံတို့တွင် ပြသမည်ဖြစ်သည်။

**နိုင်ငံခြားရုပ်ရှင်**

ရှေ့ဆောင်ရုံတွင် နာမည်ကြီးသရုပ်ဆောင် နီကိုလပ်စ်ကေ့ဂျ် ခေါင်းဆောင်ပါဝင်သည့် THE SORCERER'S APPRENTICE ဇာတ်ကားသစ် ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် နာမည်ကြီး အက်ရှင်သရုပ်ဆောင်မင်းသမီးအင်ဂျလီနာဂျိုလီပါဝင်သည့် SALT စွန့်စားမှု အသားပေးဇာတ်ကြမ်းကားပြသမည်ဖြစ်သည်။

HEY BABY အိန္ဒိယရုပ်ရှင် ဇာတ်ကားသစ်မှာ စက်တင်ဘာလအတွင်း ရုံတင်ပြသမည်ဖြစ်ပြီး ဤဇာတ်ကားတွင် နာမည်ကြီးအိန္ဒိယ သရုပ်ဆောင်အာရှေးကူမား၊ ဆလီနာ ဂျက်တလီနှင့် ဗီဒီရာဗာလန်းတို့ ခေါင်းဆောင်ပါဝင်ကြသည်။ (ကြေးမုံ)



**ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် ဇာတ်ကားမှ သက်မွန်မြင့်နှင့် ပြေတီဦးတို့၏ သရုပ်ဆောင်ဟန်ကိုတွေ့ရစဉ်။**

(ကြေးမုံ)

ချယ်ရီဦး 23rd Anniversary
အကယ်၍ သင်ဟာ ထူးထူးခြားခြားကံထူးသူဖြစ်ခဲ့လျှင်...
နာရီ (၁) လုံးဝယ်ယူရုံဖြင့် ဝယ်ယူသည့် နာရီကို FREE ရရှိမည့်အပြင်
နာရီတန်ဖိုးငွေ 20% ကို ထပ်မံခံစားခွင့်ရမည့် 120% Lucky Draw အတွက်
အထူးအခွင့်အရေး...
5% 7% 10% 12% 15% 20% 30% 50% 100% 120%
27.8.2010 to 30.9.2010
Hot Line : 381751, 516667, 398058, 200190, 383658, 02-72992

-Poly ဝင်ခွင့်သင်တန်း
-IELTS Preparation Course
-IGCSE
SVM Centre

သတိုးဝေ

LIGHT YEAR EDUCATION CENTRE
Preparation & Practice For Age 4 to Adults
Pre-KG to IGCSE 'O' Level (All Subjects)
Singapore MOE Exam (100% Express)
AEIS, IGCSE, IELTS, TOEFL, SAT
Sat & Sun Four Skills
High School English Grammar
Developing Writing Skills

အောင်သပြေ





SMART RESOURCES
GCE 'O', 'A'
SAT I, II, IELTS, TOEFL
POLY ဝင်ခွင့်သင်တန်း
10% DISCOUNT & SCHOLARSHIP AVAILABLE
374747, 374748
09 5428848

Love Hair Studio 65% OFF
Super Promotion
30000 Ks 10000 Ks
01-380301


## ဖခင်အမည်မှန်

အထက(၂) သာကေတ၊ Grade-6(E)မှ မောင်မြတ်မင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကောင်းထက် ဖြစ်ပါသည်။

**သွေးသည် အသက်**



ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အောင်မင်္ဂလာ-သရက်စိန် ကျေးလက်ကျောက်ချောလမ်း ပြုပြင်ထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ဩဂုတ် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ**

# မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့နယ်တွင် သုည ဒသမ ၅၆ လက်မ၊ ပူတာအိုမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မင်းဘူးမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၉၇ လက်မနှင့် သံတွဲမြို့တွင် ၁ ဒသမ ၇၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**ဩဂုတ် ၂၈ ရက် ညနေအထိခန့်မှန်းချက် ။** ။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင် ။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။** ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဩဂုတ်လနောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက် ။** ။ လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် (၃၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၉၅ ဒီဂရီဖာရင်ဟိုက် | | ၂၆-၈-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက် | | ၂၇-၈-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း | | ၂၇-၈-၂၀၁၀ |
| မိုးရေချိန် | မရှိပါ | ၂၇-၈-၂၀၁၀ |

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် (၂၇ ဒသမ ၅ဒီဂရီစင်တီဂရိတ်) ၈၂ဒီဂရီဖာရင်ဟိုက် | | ၂၆-၈-၂၀၁၀ |
| အနိမ့်ဆုံးအပူချိန် (၂၄ ဒသမ ၅ဒီဂရီစင်တီဂရိတ်) ၇၆ဒီဂရီဖာရင်ဟိုက် | | ၂၇-၈-၂၀၁၀ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း | | ၂၇-၈-၂၀၁၀ |
| နေပူသည့်နာရီပေါင်း | မရှိပါ | ၂၆-၈-၂၀၁၀ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၇-၈-၂၀၁၀ | ၁၁ မမ (သုည ဒသမ ၄၃ လက်မ) | ၂၀ မမ (သုည ဒသမ၇၉ လက်မ) | ၁၃ မမ (သုည ဒသမ၅၂လက်မ) |
| ၁-၁-၂၀၁၀မှ ယနေ့အထိ | ၁၄၀၆ မမ (၅၅ဒသမ၃၅ လက်မ) | ၁၅၇၃မမ (၆၁ဒသမ၉၃ လက်မ) | ၁၈၄၈မမ (၇၂ဒသမ၇၆ လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၇-၈-၂၀၁၀ ရက် ၉း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## သွင်းကုန်အစားထိုး ကျန်းမာရေးနှင့်ညီညွတ်သည့် ပဲပိစပ်ဆီ ထုတ်လုပ်လျက်ရှိသော ရွှေပြည်သာစက်မှုဇုန်မှ ပတ္တမြားဆီစက်

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်) ◆ ဓာတ်ပုံမှတ်တမ်း-ကိုထွေး | အဆင်အပြင် - ဦးသန္တာရွှေ

**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များအနက် အာဟာရတန်ဖိုး မြင့်မားစွာပါဝင်သည့် ပဲပိစပ် (Soybeans) ကို ပဲပြား၊ ပဲပုပ်၊ ပုန်းရည်ကြီး၊ ပဲနို့ရည်နှင့် အသားတုပြုလုပ်ရာတွင် သုံးစွဲကြသည်။ သို့သော်လည်း ပဲပိစပ်ထွက်ရှိမှုနှင့် နှိုင်းစာလျှင် ပြည်တွင်းဈေးကွက်၌ ဝယ်လိုအားအနည်းငယ်သာရှိသဖြင့် ပြည်ပသို့ ကုန်ကြမ်းအဆင့်တွင်သာ တင်ပို့ရောင်းချခဲ့၍ နိုင်ငံတော်အတွက်ရော၊ တောင်သူများအတွက်ပါ အကျိုးရှိသင့်သလောက် မရှိဘဲ ဖြစ်ခဲ့ရသည်။**

မြန်မာနိုင်ငံတွင် ပဲပိစပ် (Soybeans) ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟင်္သာတမြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မင်းလှမြို့နယ်တွင်လည်းကောင်း စိုက်ပျိုးဖြစ်ထွန်းကြသည်။ယခင်က ပြည်တွင်းဝယ်လိုအား အနည်းငယ်သာရှိခဲ့ရာမှ ယခုအခါ နှစ်စဉ်ပြည်တွင်းဆီ (ပဲပိစပ်ဆီ)ကြိတ်မှုအတွက်ပါ ဝယ်လိုအားများလာ၍ တောင်သူများအနေဖြင့် ပဲပိစပ်ကို တိုးချဲ့စိုက်ပျိုးလာကြပြီ ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာစက်မှုဇုန်အမှတ်(၁၆/၂၆)ရှိ ပတ္တမြားဆီစက်သည် ခေတ်မီစက်ကြီးများနှင့် နိုင်ငံခြားနည်းပညာများကို အသုံးပြု၍ ပဲပိစပ်ဆီသန့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီစားသုံးမှုလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရုံသာမက ကျန်းမာရေးနှင့်ညီညွတ်သော ဆီကို ပြည်တွင်း၌ဝယ်ယူရရှိနိုင်ခြင်းနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းဟူသည့် အကျိုးတရားများကို ဖော်ဆောင်ပေးလျက်ရှိပေသည်။

ခေတ်မီစက်ကိရိယာများ တပ်ဆင်တည်ဆောက်ထားသော ပတ္တမြားဆီစက်သို့ သွားရောက်လေ့လာဖြစ်ခဲ့ရာ ပဲပိစပ်ကုန်ကြမ်းမှ ပဲပိစပ်ဆီသန့် ရရှိသည်အထိ ထုတ်လုပ်မှုအဆင့်ဆင့်တွင် စက်ကသာပြုလုပ်သွားခြင်း **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖



**ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက်၌ ထုတ်လုပ်ရရှိသည့် ပဲပိစပ် ဆီသန့်များကို ထုပ်ပိုးမှု မပြုလုပ်မီ ထားရှိသည့် သိုလှောင်ကန်ကြီးများ။**

## Royal Club ရွှေခါးပတ်ချန်ပီယံ ပိုလ်လုပွဲများ ယှဉ်ပြိုင်မည့် ရန်ကြီးအောင်ကို အလဲထိုးမယ်လို့ ကြုံးဝါးလာတဲ့ ရန်နိုင်အောင်ရဲ့ အထူးစိန်ခေါ် ပွဲပါဝင်

◆ သတင်းဆောင်းပါး - ဇင်လင်းထွန်း (နေမြို့) ◆

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ H&S နှင့် T&T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ၂၀၁၀ ရဲ့ ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပမည်ဖြစ်သည်။

ယခုဗိုလ်လုပွဲရဲ့ ထူးခြားချက်မှာ လိုက်မစ်ဒယ်နှင့် မစ်ဒယ်ဝိတ်တန်းမပါဘဲ လိုက်ဖလိုင်းမှ ဝယ်လ်တာအထိ ခုနစ်တန်းသာ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပြီး ထိုဗိုလ်လုပွဲကို ရွှေခါးပတ်ချန်ပီယံဖြစ်ခဲ့ဖူးသူ တစ်ယောက်မှ တက်မလာနိုင်ဘဲ ချန်ပီယံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻